ရွှေလှေကျေးရွာ

ရွှေလှေကျေးရွာအုပ်စု

စဉ့်ကူးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေလှေကျေးရွာ၊ စဉ့်ကူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာ လ

မာတိကာ

မာတိကာ ၂

၁. စဉ့်ကူးမြို့နယ်၊ ရွှေလှေအုပ်စု၊ရွှေလှေကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. စဉ့်ကူးမြို့နယ်၊ ရွှေလှေအုပ်စု၊ရွှေလှေကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** ၄

၃. စဉ့်ကူးမြို့နယ်၊ ရွှေလှေအုပ်စု၊ရွှေလှေကျေးရွာ၏ **ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ** ၅

၄. စဉ့်ကူးမြို့နယ်၊ ရွှေလှေအုပ်စု၊ရွှေလှေကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၈

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉

၄.စ။ ပညာရေး ၁၀

၄.ဆ။ ကျန်းမာရေး ၁၁

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၂

၄.ဈ။ ကျား – မ ရေးရာ ၁၄

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၅


နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၆
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၈
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၇၇


၁. စဉ့်ကူးမြို့နယ်၊ ရွှေလှေအုပ်စု၊ရွှေလှေကျေးရွာ၏ သယ်ဇာတပြမြေပုံ



၂. စဉ့်ကူးမြို့နယ်၊ ရွှေလှေအုပ်စု၊ရွှေလှေကျေးရွာ၏ ရာသီခွင်ပြ ပြကွက်ဒိန်



၃. စဉ်ကူးမြို့နယ်၊ ရွှေလှေအုပ်စု၊ရွှေလှေကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



၄. စဉ့်ကူးမြို့နယ်၊ ရွှေလှေအုပ်စု၊ရွှေလှေကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

ရွှေလှေကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး စဉ့်ကူးမြို့၏ တောင်ဘက်(၂)မိုင်ခန့်တွင် တည်ရှိပါသည်။ကျေးရွာ၏အနောက်ဘက်တွင် ဧရာဝတီမြစ်တည်ရှိပြီး ၎င်းဧရာဝတီမြစ်၏ အနောက်ဘက်တွင် ရွှေဘိုမြို့နယ်၊ ဆယ်ပင်ကျွန်းကျေးရွာနှင့် နယ်နိမိတ်ချင်းနီးကပ်လျှက်ရှိသည်။ ရွှေလှေကျေးရွာ၏အကျယ်အဝန်းမှာ(၃.၁၉)စတုရန်းခန့် ကျယ်ဝန်းပြီး အနီးဆုံးမြို့မှာ စဉ့်ကူးမြို့ဖြစ်ပါသည်။ရွာ၏မြောက်ဘက်(၁)မိုင်ခန့်တွင် ကျီတော်ကုန်းကျေးရွာ၊ အရှေ့ဘက်(၁) မိုင်ခန့်အကွာတွင် ရွာသစ်ကလေးကျေးရွာ၊ တောင်ဘက်(၂)မိုင်ခန့် အကွာတွင် ချောင်းဝကျေးရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ ရွှေလှေကျေးရွာနှင့်စဉ့်ကူးမြို့သို့ ဆက်သွယ်သောလမ်းမှ မြေသားလမ်းဖြစ်၍ ရာသီမရွေးသွားလာရန် အခက်အခဲရှိပါသည်။ရွှေလှေကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းနှင့်ရေလုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်ရှိ လယ်မြေ၊ ယာမြေများမှာ အမြဲတမ်းစိမ်းလန်းစိုပြေ၍ သာယာလှပသော ကျေးရွာတစ်ရွာဖြစ်သည်။

၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရွှေလှေကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၈°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၂°C ရှိတက်ပါသည်။ မိုးရာသီတွင် တစ်ခါတရံ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေတိုးမှုများဖြစ်ပေါ်ပြီး တစ်ခါတရံ မိုးခေါင်ခြင်း ကြောင့် ရာသီဥတုမှန်ကန်ခြင်းမရှိပါ။စိုက်ပျိုးရေရရှိရေးအတွက် မြေဩော်ရေအရင်းအမြစ်များမှ စက်ရေတွင်းများဖြင့် စိုက်ပျိုးရေကို သုံးစွဲကြပါသည်။ကိုင်းကျွန်းမြေ (၅၁၆) ဧက နှင့် လယ်မြေ (၄၀၅) ဧကရှိသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်မြေများကို စပါး၊ မြေပဲ သီးနှံတို့ကို အဓိကထား စိုက်ပျိုးကြသည်။

၄.၈။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ရွှေလှေကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၇) ဖွဲ့ ရှိသည်။ ၄င်းအဖွဲ့အစည်းများသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန် လာနိုင်ပါသည်။

ရွှေလှေကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိ ရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သာသနာ့အကျိုးတော်ဆောင်များဖြစ်သော ဂေါပကလူကြီးများ အဖွဲ့ဖွဲ့ စည်းပေး၍ ဘာသာရေးလုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော် ဆောင်ကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင် ရန်အတွက် သုခဃာယီ နာရေးလူမှုကူညီရေးအသင်း ဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေးကဏ္ဍတွင်ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီဖွဲ့စည်း၍ လျှပ်စစ်မီးနှင့်ပတ်သက်သောခါတ်အားလိုင်းများထိန်းသိမ်းခြင်း၊ လျှပ်စစ်မီးလင်းရေး ဘဏ္ဍာများရှာဖွေခြင်း လုပ်ငန်းများအတွက် စီမံခန့်ခွဲစေခြင်း၊ ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းများ၊ကျေးရွာပိုင်အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သာရေးနာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေရှာဖွေခြင်းများလုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန်အတွက် ထမင်းချက်အဖွဲ့များ၊ ဟင်းချက်အဖွဲ့များ၊ ဓမ္မရောင်ခြည် လူငယ် ပရဟိတအဖွဲ့များ၊ အမျိုးသမီးပရဟိတအဖွဲ့၊ ထမင်းကျွေးတာဝန်များအား ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲဦးဆောင်စေခြင်းစသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ရွှေလှေကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းနှင့်ရေလုပ်ငန်းဖြစ်ပါသည်။ **စုစုပေါင်းအိမ်ထောင်စု၏ ၅၂% (၂၉၄ အိမ်ထောင်စု)သည်** လယ်ယာစိုက်ပျိုးခြင်း**ကိုကိုယ်ပိုင်လုပ်ကိုင်ပြီး လယ်ယာလုပ်ငန်းကိုအငှားလုပ်ကိုင်သူများမှာအိမ်ထောင်စု၏ ၄၈% (၂၇၁ အိမ်ထောင်စု) ရှိနေသည်ကို တွေ့ရှိရပါသည်။** အိမ်ထောင်စု(၃၁၆)စုအားလုံးနီးပါးသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်သူများဖြစ်ကြပြီးအခြားစီးပွားရေးအဖြစ် ရေလုပ်ငန်း တပိုင်တနိုင် မွေးမြူရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းများနှင့် တောင်သူအငှားများ လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြသောတောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေကောင်းစွာရရှိပြီး သီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက်ပြန်ပြီး စိုက်ပျိုးရေမမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတက်ပါသည်။

ရွှေလှေကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် ၄ ဆင့်ဖြင့်ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓန အဆင့် အခြေအနေအရ ချမ်းသာသောမိသားစုမှာ ကျေးရွာအိမ်ထောင်စု၏ (၂.၈%) ဖြင့် အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပြီး အဆင်ပြေသော အိမ်ထောင်စု (၇၉) ဦးနှင့်အိမ်ထောင်စုပေါင်း၏ (၂၅%)) ရှိပါသည်။ ဆင်းရဲသားမိသားစုမှာ (၁၁၂) ဦး (၃၅.၄%) ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုပေါင်းသည် ၇၂%ဖြစ်နေသောကြောင့် ကျေးရွာ အိမ်ထောင်စု ၏ သုံးချိုးတစ်ချိုး ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

၄.၎။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ (လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ရွှေလှေကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် အုပ်ချုပ်ရေးမှူးရုံး၊ ကျေးလက်ကျန်းမာရေး ဌာနခွဲနှင့် အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ ရွှေလှေ ကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပြီးမိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများ လမ်းချော်ခြင်း များဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ရန်လိုအပ်သည်။ လျှပ်စစ်မီးလင်းရေးအခြေအနေမှာ စုစုပေါင်းအိမ်ထောင်စု ၏ ၃၄.၄၉%သည် မဟာဓါတ်အားလိုင်းကိုအသုံးပြုနေကြပါသည်။ တစ်ချို့ အိမ်ထောင်စုများဖြစ်သော ၂၀၇ အိမ် (စုပေါင်းအိမ်ထောင်စု၏ ၆၅.၅%) ခန့် သည် မဟာဓါတ်အားလိုင်းသုံးစွဲနိုင်ခြင်း မရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် မီတာအခငွေနှင့် သွယ်တန်းကြိုးတန်ဖိုးငွေ မတတ်နိုင်သော ဆင်းရဲသောအိမ်ထောင်စုများဖြစ်သည်။အိမ်ထောင်စုပေါင်း၏ ၂၆.၈၉% သည် ဆိုလာစနစ်ကို သာအသုံးပြုနေကြရသည်။ အိမ်ထောင်စုပေါင်း၏ ၃၈.၆% သည် ဓါတ်ခဲမီးအိမ်၊ မီးအိမ်၊ ဖယောင်းတိုင်သာအသုံးပြုကြသည်။ ကျေးရွာဘေးတွင် ဧရာဝတီမြစ်ရှိသော်လည်း မည်သည့် ရေကြောင်းသယ်ယူပို့ဆောင်မှုများမှ မရှိပါ။အခြားသော သယ်ယူပို့ဆောင်ရေး ယာဉ်များကို ဧယားတွင်ဖော်ပြထားပါသည်။ စက်ဘီး(၅၄)စီး မှာ ရွာတွင်း နှင့် ကျောင်းသားများ ကျောင်းသွားရန်သာ အသုံးပြုကြသည်။ ဆိုင်ကယ် (၂၁၅) စီး မှာ သယ်ယူ ပို့ဆောင်ရေး ဝန်တင် အဖြစ် သုံးပြီး ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ လျှပ်စစ်မီးရရှိသော အိမ်များမှာ တီဗွီမှ ဗဟုသုတ အစီအစဉ်များကြည့်ရှုကြသည်။

၄.စ။ ပညာရေး

ရွှေလှေကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိသည့်အတွက် ကျေးရွာရှိကလေးများ ပညာရေးကိုအလွယ်တကူသင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းသား/ ကျောင်းသူများမှာလည်း အခြေခံပညာ အဆင့်ထိ(၂၈၁)ဦးခန့် ရှိပါသည်။ လက်ရှိစာသင်ကျောင်း၏စုစုပေါင်းကြမ်းခင်းဧရိယာ စတုရန်းပေ(၄၇၅၂၀)ရှိသည်။ စာသင်ကျောင်းဆောင်၏အရည်အသွေးမှာ သင့်တင့်သည့် အနေအထား ရှိပြီး ကျောင်းပရိဘောဂများ လုံလောက်မှုရှိပါသည်။ အထက်တန်းပညာသင်ကြားရန်အတွက် ရွှေလှေ ကျေးရွာနှင့် (၂)မိုင်ခန့် ကွာဝေးသော စဉ့်ကူးမြို့အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက် သင်ကြားနေရပါသည်။ ပညာရေး စိတ်ဝင် စားသော ကျေးရွာဖြစ်ကြောင့် လေ့လာတွေ့ရှိရပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ် လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၄.ဆ။ ကျန်းမာရေး

ရွှေလှေကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ကူးစက်ရောဂါ ဖြစ်ပွားသူများမှာ အနည်းငယ်မျှသာရှိပြီး အများစုမှာ ကျန်းမာရေးကောင်းမွန်ကြပါသည်။ တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်းသော အစာ အသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရာသီပေါ်တုတ်ကွေး၊ ဖျားနာဖြစ်ခြင်း၊ တို့ဖြစ်ပေါ်တက်ပါသည်။ ထိုအချိန်တွင် ကျန်းမာရေးဌာနမှ အချိန်မှီလာရောက်ကုသမှုရှိ၍ ကျန်းမာရေးဗဟုသုတ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးလျက် ရှိပါသည်။ သို့သော်လည်း အရေးပေါ်ကိစ္စများတွင် ကျန်းမာရေးဝန်ဆောင်မှု အချိန်မှီ ရရှိနိုင်ရန်အတွက် ရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင် ပြုလုပ်ပေးရန်လိုအပ်လျက်ရှိသည်။သောက်ရေအတွက် အဝီစိစက်တပ်နှင့် တုံကင်တွင်းများ ရှိသည့်အတွက် ရေအခက်အခဲမရှိပါ။ သို့သော် ရေအရည်အသွေးများ စမ်းသပ်စစ်ဆေးမှုများ မရှိသေးပါ။ ကျေးရွာအိမ်ထောင်စု အများစုမှာ ယင်လုံအိမ်သာ သုံးစွဲကြပါသည်။

၄.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ရွှေလှေကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြု မှုများပြားသည်။ ဧရာဝတီမြစ်ရေကြီးမှု၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် လူနေအိမ်များပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများ၊ ပျက်စီးဆုံးရှုံးနိုင်ခြင်း၊ အစရှိသော ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

၄.၈။ ကျား - မရေးရာ

ရွှေလှေကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင် သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေး မှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေးအဆင့်	မှတ်ချက်
၁	အခြေခံအဆောက်အဦ(ကျောက်ချောလမ်းခင်းရန်)	၁	
၂	အခြေခံအဆောက်အဦ(တံတားပြုလုပ်ရန်)	၇	
၃	စိုက်ပျိုးရေး(လယ်ယာသုံးမြေဩော)	၃	
၄	ပညာရေး(KG ကျောင်းဆောက်လုပ်ရန်)	၆	
၅	ကျန်းမာရေး(လူနာတင်ယာဉ်)	၂	
၆	ကျန်းမာရေး(ဆေးပေးခန်း)	၄	
၇	သဘာဝဘေး(မီးသတ်ကား)	၅	

နောက်ဆက်တွဲ (၁)

ရွှေလှေ ကျေးရွာ၊ ရွှေလှေ ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသာဌေး	ဦးတင်ရှိန်	၉/စကန(နိုင်)၀၂၄၅၅၅	၆၁	ဥက္ကဋ္ဌ	၀၉-၇၇၄၀၃၀၆၂၃
၂	ဦးသကြိန်	ဦးကျော်ရင်	၉/စကန(နိုင်)၀၂၅၅၁၀	၅၅	အတွင်းရေးမှူး	၀၉-၇၆၀၅၃၀၄၁၅
၃	ဦးဝင်းအောင်	ဦးဘကြွယ်	၉/စကန(နိုင်)၀၂၄၉၂၅	၅၀	စာရင်းကိုင်	၀၉-၇၇၃၀၄၄၅၅၆
၄	ဦးအေးလွင်	ဦးအုံးမောင်	၉/စကန(နိုင်)၀၂၄၇၇၇	၅၇	ဘဏ္ဍာရေးမှူး	၀၉-၂၅၇၁၅၃၃၃၃
၅	ဦးသန်းစီ	ဦးပြုံးချို	၉/စကန(နိုင်)၀၂၄၈၃၀	၅၀	သော့ကိုင်-၁	၀၉-၂၅၆၁၇၉၇၈
၆	ဦးထွန်းထွန်းဇော်	ဦးတင်ဖေ	၉/စကန(နိုင်)၀၂၄၆၀၀	၅၀	သော့ကိုင်-၂	၀၉-၇၉၄၅၆၁၉၀၈
၇	ဦးလှမင်း	ဦးထွန်းပိန်	၉/စကန(နိုင်)၀၄၇၉၆၉	၅၇	အဖွဲ့ဝင်	၀၉-၇၈၅၀၈၀၀၂၇
၈	ဒေါ်မေသန်းထိုက်	ဦးမြင့်ရွှေ	၉/စကန(နိုင်)၀၇၃၁၀၇	၃၆	အဖွဲ့ဝင်	၀၉-၇၈၇၉၂၈၇၅၃
၉	ဒေါ်အေးမြင့်သန်း	ဦးဖုန်းနိုင်	၉/စကန(နိုင်)၀၀၀၈၀၇	၄၀	အဖွဲ့ဝင်	၀၉-၇၆၄၉၅၅၇၃၃
၁၀	ဒေါ်စိုးစိုးခိုင်	ဦးအောင်ကြည်	၉/စကန(နိုင်)၀၀၀၀၂၆	၅၂	အဖွဲ့ဝင်	၀၉-၇၇၉၃၃၃၉၂၄
၁၁	ဒေါ်အေးမာ	ဦးကျောက်ခဲ	၉/စကန(နိုင်)၀၆၁၉၅၅	၄၁	အဖွဲ့ဝင်	၀၉-၇၉၃၃၀၇၃၁၃
၁၂	ဒေါ်ခင်းနန်းအေး	ဦးသိန်းမောင်	၉/စကန(နိုင်)၀၉၅၁၀၅	၃၃	အဖွဲ့ဝင်	၀၉-၇၇၄၅၇၇၄၈၉
၁၃	ဒေါ်ရီချို	ဦးကျော်မြိုင်	၉/စကန(နိုင်)၀၂၄၉၅၈	၅၁	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၁၄	၁၉
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၄၄	၃၅	၇၉
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၁	၇၅	၁၂၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၅	၅၃	၁၁၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၉၅	၅၁၉	၁၀၁၄
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၂၀	၅၃	၇၃
စုစုပေါင်း		**၆၈၀**	**၇၄၉**	**၁၄၂၉**
စုစုပေါင်း အိမ်ထောင်စု				**၃၁၆**

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ရွေလှေကျေးရွာတွင် အိမ်ထောင်စုပေါင်း (၃၁၆)အိမ်မှ လူဦးရေပေါင်း (၁၄၂၉)ရှိပြီး ကျားလူဦးရေ(၆၈၀)၊မလူဦးရေ(၇၄၉)ရှိပါသည်။တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေး(၄.၅%)တွေ့ရှိရပါသည်။တစ်နှစ်အောက် လူဦးရေမှာ(၁၉)ဦးသာရှိသဖြင့် လူဦးရေ မွေးဖွားနှုန်းနည်းသည်ကို တွေ့ရှိရပါသည်။ (၅)နှစ်အောက်ကလေးငယ်လူဦးရေမှာ (၇၉)ဦးရှိသဖြင့် ကာကွယ်ဆေးထိုးရမည့် အရေအတွက်ကို သိရှိနိုင်ပါသည်။(၆၅)နှစ်နှင့်အထက် အသက်ကြီးရွယ်အို များမှာ (၇၃)ယောက်ရှိသဖြင့် ကျန်းမာရေးအခြေအနေ အားနည်းသည်ကို တွေ့ရှိရပါသည်။အလုပ် လုပ်နိုင်သော လူဦးရေမှာ (၁၀၁၄)ဦးရှိပြီး ဝင်ငွေရလုပ်ကိုင်နိုင်သော လူဦးရေမှာ များပြားပြီး မှီခိုသူ ဦးရေမှာ (၄၁၅)ဦးသာရှိသည်ကို တွေ့ရှိရပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၄၀၅	ကောင်း	ရ	မြေအောက်ရေ/မြစ်
ယာမြေ				
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ	၅၁၆	ကောင်း	ရ	မြေအောက်ရေ/မြစ်
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၉၂၁			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကအသက်မွေးဝမ်းကျောင်းအဖြစ် ရပ်တည်နေပါသည်။လယ်စိုက်ဧက(၄၀၅)ဧကရှိပြီး မြစ်ရေဝင်ဒေသဖြစ်၍ မြစ်ရေဖြင့်စိုက်ပျိုးခြင်း၊မိုးရေ၊မြေအောက်ရေတို့ဖြင့် စိုက်ပျိုးရပါသည်။ရာသီမဟုတ် မြစ်ရေကြီးခြင်းကြောင့် လယ်စိုက်ခင်းများ ရေနှစ်မြှုပ်ခြင်း၊မိုးခေါင်မှုကြောင့် မြေအောက် ရေတွင်း များတူး၍ စိုက်ပျိုးရခြင်း၊ရေတွင်းများကို လုံလောက်စွာ တူးဖော်နိုင်ခြင်းမရှိခြင်းကြောင့် ရေရရှိမှုနည်းပါးခြင်း၊အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် မာလဲရေလျှောင်တမံမှ ရေပိုရေလျှံများစွန့်ပစ်မှုကြောင့် စိုက်ခင်များ ပျက်စီးရခြင်း၊ကိုင်းကျွန်းမြေတွင် မြေပဲကို အဓိကထား စိုက်ပျိုးရခြင်း ဖြစ်ပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဧယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်		
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)		
ပျမ်းမျအပူချိန် –	ပျမ်းမျ မိုးရေချိန် –	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာအနီးတွင် ခါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ မရှိပါ။☑

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ
ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	ဂေါပကအဖွဲ့	၁☐ ၂☐ ၃☑	ပညာရေး☐ကွေကြေး☐ကျန်းမာရေး☐ ဘာသာရေး☐စိုက်ပျိုး မွေးမြူ ရေး ☐သာရေး/ နာရေး၊ လူမှုဖွံ့ဖြိုးရေး ☑လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း
၂	ပရဟိတ လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း
၃	မီးကော်မတီ	၁☐ ၂☑ ၃☐	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	သင့်
၄	ဘဝဆည်းဆာ လူမှုကူညီရေး အသင်း	၁☐ ၂☑ ၃☐	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း
၅	ဒေသအရံ မီးသတ် တပ်ဖွဲ့	၁☐ ၂☐ ၃☐	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	သင့်
၆	အပျို/လူပျို ထမင်းချက် ဟင်းချက်အဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း
၇	ကျောင်း ကော်မတီ	၁☐ ၂☑ ၃☐	ပညာရေး☑ကွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာအတွင်း၌ လူထုအခြေပြု အဖွဲ့အစည်းအခြေခံသော အဖွဲ့(၁)ဖွဲ့၊လုံခြုံရေးနှင့်ကာကွယ်ရေးကို အခြေခံသောအဖွဲ့(၁)ဖွဲ့၊သာရေး၊ နာရေးကို အခြေခံသောအဖွဲ့(၄)ဖွဲ့ရှိပြီး အဖွဲ့အစည်းအချင်းချင်း အပြန်အလန်ယုံကြည်မှုရှိပြီး အသင်းသားများအားလုံးသည်လည်း တက်ကြွစွာ ပူးပေါင်းလုပ်ဆောင်နေသည်ကို တွေ့ရှိရပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ဧကနှင့်အထက်	၅ဧကနှင့်၁၀ဧက	၁ဧကနှင့်၅ဧကကြား	၁ဧကအထက်နှင့် မြေယာမဲ့
အိမ်အခြေအနေ	တိုက်/သွပ်မိုး	ပျဉ်ထောင်/သွပ်မိုး	ထရံကာ/သွပ်မိုး	ဝါးခင်း/သွပ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်၊ထော်လာဂျီ၊ရေစုပ်စက်	လက်တွန်းထွန်စက်၊ ရေစုပ်စက်	ရေစုပ်စက်၊ မြက်ရိတ်စက်	မြက်ရိတ်စက်
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး/ မွေးမြူရေး	စိုက်ပျိုးရေး	ကျပန်း/ စိုက်ပျိုးရေး	ကျပန်း
အိမ်ထောင်စု	၉ဦး	၇၉ဦး	၁၁၂ဦး	၁၁၆ဦး

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု၊ထုတ်လုပ်မှုနှင့်မဆိုင်သောပစ္စည်းပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေသည် အရေးပါသည်ကို တွေ့ ရှိရပါသည်။ဥစ္စာဓနအဆင့်ကို အဆင့်(၄)ဆင့်သတ်မှတ် ၍ အဆင်ပြေအိမ်ထောင်စု(၉)ဦး၊အလယ် အလတ်အဆင်ပြေသောအိမ်ထောင်စု(၇၉)ဦး၊ အဆင် မပြေသော အိမ်ထောင်စု(၁၁၂)ဦး၊အလွန်အဆင် မပြေသောအိမ်ထောင်စု(၁၁၆)ဦးရှိသည်ကို တွေ့ရပါ သည်။ စိုက်ပျိုးရေးကို အဓိကထားလုပ်ဆောင်နေ သော်လည်း မြေယာအနည်းငယ်သာပိုင်ဆိုင်ပြီး ကျပန်းအလုပ်ကို လုပ်ကိုင်နေရသည့်အိမ်ထောင်စု အများအပြားရှိသည်ကို တွေ့ရှိရပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၁၀	၃၄%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၁၁၈	၃၈%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၄၅	၁၄%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၃၄	၁၁%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၉	၀.၀၃%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၃၁၆	၁၀၀%	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ကျေးရွာတွင် အိမ်ယာမဲ့အိမ်ထောင်စု (၁၁၀)အိမ်၊ဆင်းရဲသားတောင်သူ(၁၁၈)အိမ်၊တောင်သူငယ်(၄၅)အိမ်၊အလယ်အလတ်စားတောင်သူ (၃၄)အိမ်၊တောင်သူကြီး(၉)အိမ်သာရှိသော်လည်း စိုက်ပျိုးမြေအများစုကို လူနည်းစုမှ ပိုင်ဆိုင်နေကြောင်း တွေ့ရသည်။မြေယာမဲ့အိမ်ထောင်စုများ၊ဆင်းရဲသားတောင်သူလူငယ်များမှ တောင်သူကြီးများ၏ စိုက်ပျိုးမြေကို နေ့စားအငှါးလိုက်လံ၍ လုပ်ကိုင်နေရကြောင်း၊ကျပန်းအလုပ်များကို ရှာဖွေ၍ လုပ်ကိုင်နေရသည်ကို တွေ့ရှိရပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
မိုးစပါး	၄၀၅	တင်း	၅၅	၆၀	၅၇	သင့်
နွေစပါး		တင်း	၇၅	၈၀	၇၆	သင့်
မြေပဲ	၅၁၆	တင်း	၄၀	၆၀	၅၀	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ဧက(၄၀၅)ဧကရှိပြီး မိုးစပါးနှင့်နွေစပါးတို့ကို စိုက်ပျိုးလျက်ရှိပါသည်။စိုက်ပျိုးစရိတ်ကုန်ကျငွေနှင့်ရရှိသည့် သီးနှံအထွက်နှုန်းတို့မှာ သင့်လျော်မှုရှိသောကြောင့် အမြတ်ရရှိမှု အသင့်အတင့်ရှိပါသည်။မြေပဲစိုက်ဧကမှာ(၅၁၆)ဧကရှိပြီး သီးနှံအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှ(၅၀)တင်း ထွက်ရှိသဖြင့် သင့်တင့်သော အမြတ်ငွေတို့ကို ရရှိနိုင်ပါသည်။ မြစ်ရေရရှိမှု ရှိခြင်းကြောင့်ကောင်းမွန်သော်လည်း အချိန်အခါမဟုတ်ရေကြီးခြင်းကြောင့် မိုးစပါးများဆုံရှုံးခြင်းလည်း ဖြစ်ပေါ်တတ်ပါသည်။မာလဲရေလှောင်တမံမှ ရေပိုရေလျှံများစွန့်ပစ်မှုကြောင့် နွေစပါးအတွက် တစ်ခါတစ်ရံ ရေရရှိသော်လည်း ရိတ်သိမ်းချိန်မှာ မလိုအပ်ဘဲ ရေစွန့်ပစ်မှုကြောင့် နွေစပါးများ အလေအလွင့်များပါသည်။ဤသို့ ဖြစ်ပေါ်ပါက အမြတ်မရှိဘဲ အရှုံးရှိသည်ကိုလည်း တွေ့ရှိရပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၇၅ဦး၊တစ်နိုင်တစ်ပိုင်	၆၇၀
နို့စားနွား		
ကျွဲ	၁၁ဦး၊တစ်နိုင်တစ်ပိုင်	၃၉
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၁၃၈ဦး၊တစ်နိုင်တစ်ပိုင်	၄၀၃
ကြက်	၁၉၁ဦး၊တစ်နိုင်တစ်ပိုင်	၁၉၁၅
ဘဲ	၂၁ဦး၊တစ်နိုင်တစ်ပိုင်	၁၄၆
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း	၁၂၄ဦး၊တစ်နိုင်တစ်ပိုင်	
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်မွေးမြူခြင်းမရှိပါ။မွေးမြူရေးလုပ်ကိုင်သူ(၁၉၁)အိမ်ထောင်စုသာရှိပြီး တစ်နိုင်တစ်ပိုင်အနေဖြင့် မွေးမြူကြသည်။စိုက်ပျိုးရေး ကို အဓိကထား၍ လုပ်ဆောင်နိုင်ရန် ကျွဲနွားကို အဓိကထားမွေးမြူပြီး ကြက်၊ဝက်၊ဘဲတို့ကို ဝင်ငွေအနည်းအပါးရရှိရန်အတွက် မွေးမြူကြသည်။မွေးမြူရေး၏ အဓိက အခက်အခဲမှာ နည်းပညာဝန်ဆောင်မှု အခက်အခဲ၊ချေးငွေမရရှိမှု၊အသားငါးရောင်းချရာတွင် သားသတ်လိုင်စင်ရရှိသူတို့ ၏ ခေါင်းပုံဖြတ်မှု ခံရခြင်း၊လွတ်လပ်စွာရောင်းချခွင့်မရှိခြင်း၊တိရစ္ဆာန်ရောဂါကျရောက်ပါက ကူးစက်နိုင်ရန် ကာကွယ်သည့် နည်းပညာ အားနည်းခြင်းတို့ကို တွေ့ရှိရပါသည်။မွေးမြူရေးအတွက် ရင်းနှီးမြှပ်နှံရန် ချေးငွေထုတ်ချေးပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်ခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ် ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံ လုပ်ငန်း				
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကားရောင်းဝယ်ရေး				
၈	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် ၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				

၁၂	ပညာရေး				
၁၃	ကျန်းမာရေး				
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)		
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☑၁၀၀မိုင် အထက်☐
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင် နိုင်ရန် ကျေးရွာနှင့်(၂)မိုင်ဝေးသော စဉ့်ကူးမြို့ဈေးရှိပါသည်။ကုန်စိမ်းနှင့်အသားငါး၊အခြားလူသုံး ကုန်ပစ္စည်း အမျိုးမျိုးတို့ကို လုံလောက်စွာ ဝယ်ယူ၍ ကိုယ်ပိုင်ဆိုင်ကယ်၊ထော်လာကျီတို့ဖြင့် သယ်ယူ၍ ရရှိနိုင် ပါသည်။ ထို့အပြင် လက်ပန်လှဈေး၊မန္တလေးမြို့မဈေးတို့မှ ကားဖြင့် သယ်ယူ၍ ရရှိပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ 26

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☑၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့☑	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး☑	၀–၁ မိုင်☑ ၁–၅ မိုင်□ ၅–၁၀ မိုင်□ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁□☑၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့☑	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး☑	၀–၁ မိုင်□ ၁–၅ မိုင်☑ ၅–၁၀ မိုင်□ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁☑၂□၃□ ၄□၅□	ကောင်း□ သင့်□ ညံ့☑	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး☑	၀–၁ မိုင်□ ၁–၅ မိုင်☑ ၅–၁၀ မိုင်□ ၁၀မိုင်အထက်□

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း -၃၊ကွန်ကရစ်လမ်း -၄၊ကတ္တရာလမ်း -၅ လေ့လာတွေ့ရှိချက်။ ။ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် ရွံ့များဖြင့် သွားလာ ရန် အခက်အခဲဖြစ်ပါသည်။ကျွန်တော်တို့ရွာသည် ကျီတော်ကုန်းကျေးရွာနှင့်စဉ့်ကူးမြို့သို့ တိုက်ရိုက် သွားလာနိုင်ရန်အတွက် မြေသားဖို့ဖြိုးရေးလမ်းဖောက်လုပ်ထားသည်မှာ ကြာခဲ့ပါသည်။ဇင်းလမ်းကို အသုံးပြုသွားလာ၍ ကျောင်းတက်နေသော ကျောင်းသူ/သားများနှင့် ရွာသူ/သားများ၊ရွာ၏ တောင် ဘက်ရှိ ကျောင်းဆိပ်၊ညောင်ပင်ပု၊ဆည်သည်၊ချောင်းဝအစရှိသည့် ကျေးရွာများမှလည်း ဤလမ်းကို အသုံးပြု၍ စဉ့်ကူးမြို့သို့ လာရောက်ရပါသည်။ဇင်းလမ်းမှာ ပျက်စီး၍ သွားလာရန် အခက်အခဲများရှိ နေသည်ကို တွေ့ရှိရပါသည်။

(၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါအကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ☑တစ်နှစ်ပတ်လုံး□
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင်□ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □	ပွင့်လင်းရာသီ□ တစ်နှစ်ပတ်လုံး□☑

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
	အသုံးမပြုပါ ☑	

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် သယ်ယူပို့ဆောင်ရေးအနေဖြင့် ဧရာဝတီမြစ်ဘေးတွင် တည်ရှိနေပါသည်။သို့သော်မြစ်ရေကြီးချိန်၊ဝါခေါင်လနှင့်တော်သလင်းလတို့တွင်း မြစ်ကြောင်းသယ်ယူပို့ဆောင်ရေး ကို အသုံးပြုပြီး မြစ်ရေကျချိန်တွင် သဲသောင်ပြင်များ ပေါ်ထွန်းမှုကြောင့် မြစ်ကြောင်း သယ်ယူပို့ဆောင်ရေးကို အသုံးပြု၍မရဘဲကုန်းလမ်းမှထော်လာဂျီနှင့်သုံးဘီးဆိုင်ကယ်တို့ကိုအသုံးပြုရပါ သည်။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ28

ယာဉ်အမျိုးအစား	လှေ၊ သမ္ဗာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာဂျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၈၈	၁၆	၅၄	၂၁၅	-	၂	-	-	၁၃၆

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။မိမိတို့ကျေးရွာသည် လှေကို စိုက်ပျိုးမြေများကို ထွန်ယက်စိုက်ပျိုးချိန်တွင် သွားလာရန် အသုံးပြုပြီး စက်လှေကို ကျောင်းဆိပ်ကျေးရွာနှင့်ရွာချင်းဆက်သွားလာနိုင်ရန်အတွက် အသုံးပြုပါသည်။စက်ဘီးကို ကျောင်းသူ/သားများ စဉ့်ကူးမြို့ ကျောင်းတက်သွားရန်နှင့်ဆိုင်ကယ်ကို သွားလာလွယ်ကူရန်အတွက်၊ထော်လာဂျီကို သယ်ယူပို့ဆောင်ရန်အတွက် အသုံးပြုပြီး နွားလှည်းကို သီးနှံစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် အသုံးပြုသည်ကို လေ့လာတွေ့ရှိရပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ29

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၁၀၉
ဆိုလာစနစ်	၈၅
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် လျှပ်စစ်မီးရရှိပြီး အသုံးပြုနေသောအိမ်ထောင်စုမှာ(၁၀၆) အိမ်ရှိပြီး(၈၅)အိမ်မှာ ဆိုလာစနစ်ကို အသုံးပြုနေရပါသည်။ကျန်ရှိသည့်(၁၂၂)အိမ်မှာ အားသွင်း မီးအိမ်၊

ဆိုလာမီးအိမ်အသေးလေးများကို အသုံးပြုနေရပြီး အကယ်၍သာ သင့်တင့်သောငွေကြေးဖြင့် လျှပ်စစ်မီးလင်းခွင့်ရမည်ဆိုပါက အသုံးပြုလိုကြောင်း ရွာ၏ ခါတ်အားလိုင်းမှ အခြားရွာများသို့ ချိတ်ဆက်ထားပြီး ကျေးရွာအတွင်းရှိ အိမ်အများစု မီးမလင်းနိုင်သေးသည်မှာ အခက်အခဲရှိပါ ကြောင်း တွေ့ရှိရပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၃၆၈	၂၅	၈၁

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ဆက်သွယ်ရေးလွယ်ကူစေရန်အတွက် ဖုန်းများကို အသုံးပြုနေသည်မှာကောင်းသော်လည်း ငွေအရမ်းများနေသည်ကို တွေ့ရှိရပါသည်။မိမိတို့၏ လူမှုဘဝတိုးတက်ရေးအတွက် အသုံးပြုခြင်းမဟုတ်ဘဲ လွဲမှားစွာ အသုံးပြုနေခြင်း၊ဝင်ငွေနှင့်ထွက်ငွေ ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရပါသည်။သဘာဝဘေးအန္တရာယ်နှင့် ပြင်ပဗဟုသုတရရှိရန်အတွက် ရေဒီယိုနှင့် တီဗွီတို့အကို အနည်းငယ်သာ အသုံးပြုသည်ကို တွေ့ရှိရပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၆၉	၆၅	၁၃၄
အလယ်တန်း	၃၇	၄၂	၇၉
အထက်တန်း	၁၇	၁၉	၃၆
တက္ကသိုလ်/ကောလိပ်	၉	၂၃	၃၂

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် 'ဘုန်းကြီးကျောင်းသင်ပညာရေး' ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မူလတန်းကျောင်းနှင့် ဘုန်းတော်ကြီးသင်ကျောင်းပညာရေး ရှိပြီး မူလတန်းကျောင်နေအရွယ်များသည်။ကျေးရွာတွင် တက်ကြပြီး အလယ်တန်းကျောင်းသားများသည် ရွာနှင့် စဉ့်ကူးမြို့သို့ တက်ရောက်ကြပါသည်။အထက်တန်း ကျောင်းသားအများစုသည် စဉ့်ကူးမြို့သို့

တက်ရောက်ပြီး တက္ကသိုလ်ကျောင်းသား/သူများသည် မန္တလေးမြို့သို့ တက်ရောက် ကြပါသည်။ ကျေးရွာ ၏ ပညာသင်ယူနေသော ကျောင်းသား/သူ(၂၈၁)ဦး သာရှိပြီးလူဦးရေ၏ (၁၉%)သာရှိကြောင်း တွေ့ရှိရ ပါသည်။

(၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း☐ မူလွန်☑အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☐			မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☑ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☐			မူလတန်း☐ မူလွန်☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐ အထက်တန်း(ခွဲ)☐ အထက်တန်း☐		
ခ။ရွာမှအကွာအဝေး(မိုင်)	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၄၇၅၀								
င။အမိုး၊နံရံ၊အခင်း အရည်အသွေး	ကောင်း☐သင့်☑ညံ့☐			ကောင်း☐သင့်☑ညံ့☐			ကောင်း☐သင့်☑ညံ့☐		
စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု	လုံလောက်မှုရှိသည်☑ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☑ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☑ မလုံလောက်ပါ ☐		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐		
ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည် ☑ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည် ☑ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည် ☑ တိုက်ကျွေးမှု မရှိပါ ☐		
ဇ။ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၁	၄	၅						
ကျေးရွာခန့်									

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏

စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ

ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။မူလတန်းစာသင်ကျောင်းသည် ကျေးရွာ၏ အတွင်း၌ တည်ရှိပါသဖြင့် သွားလာရန်လွယ်ကူပါသည်။ကျောင်းသည် တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အလျား(၁၁၀)ပေ၊အမြင့် (၁၂)ပေ၊အနံ(၃၆)ပေ သွပ်မိုး၊အုတ်နံကပ်၊အုပ်ခင်းဖြစ်ပါသည်။ကျောင်းတွင် မျက်နှာကျက်ရှိပြီး သင်ထောက်ကူပစ္စည်း ၊ပရိဘောဂ၊ကျောင်းအားကစားပစ္စည်းလုံလောက်မှု ရှိပါသည်။ကျောင်းကျန်းမာ ရေးပညာပေးအစီအစဉ် မရှိ။ကျောင်းစာကြည့်တိုက်မရှိ၊ကျောင်းရန်ပုံငွေ မရှိ၊ကျောင်းကော်မတီနှင့် ဆရာ/ဆရာမများ ပူးပေါင်းလုပ်ဆောင်မှုမရှိ စသည်တို့ကို လေ့လာတွေ့ရှိရပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောက	မြင့်☐	နိမ့်☑	မရှိ☐
၂	သွေးလွန်တုပ်ကွေး	မြင့်☐	နိမ့်☑	မရှိ☐
၃	ငှက်ဖျား	မြင့်☐	နိမ့်☑	မရှိ☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်☐	နိမ့်☐	မရှိ☑
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်☐	နိမ့်☐	မရှိ☑
၆	တီဘီ	မြင့်☐	နိမ့်☑	မရှိ☐
၇	ဆီးချို	မြင့်☐	နိမ့်☑	မရှိ☐
၈	သွေးတိုး	မြင့်☐	နိမ့်☑	မရှိ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်☐	နိမ့်☐	မရှိ☑
၁၀	အာဟာရ ချို့တဲ့မှု	မြင့်☐	နိမ့်☐	မရှိ☑
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်☐	နိမ့်☐	မရှိ☑

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊သွေးလွန်တုပ်ကွေးရောဂါအနည်းငယ် သာရှိပြီး ရာသီအလိုက် တုပ်ကွေးသာ ဖျားလေ့ရှိပါသည်။ဆီးချိုရောဂါနှင့်သွေးတိုးရောဂါများသည် အသက်(၆၀)နှင့်အထက်လူကြီးများသာ ရှိကြောင်း တွေ့ရှိရပါသည်။ ကူးစက်ရောဂါနှင့်အာဟာရချို့ တဲ့မှု မရှိပါ။အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွား(၄၀)ကျော်အား သက်ကြီးရွယ်အိုများ (အခမဲ့)

ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့မှ တစ်လလျှင် (၂)ကြိမ် ဆေးထိုးဆေးတိုက်များ ပြုလုပ်ပေးသည်။ ကျန်းမာရေးဆရာမရှိပြီး ဆေးပေးခန်းမရှိခြင်းကို တွေ့ရှိရပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	☒	
၂	ဆုံဆို့၊ ကြွက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	☒	
၃	ပိုလီယိုရောဂါ	☒	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	☒	
၅	ဝက်သက်ရောဂါ	☒	
၆	အခြား စုပေါင်းကာကွယ်ဆေးထိုးနှုန်းမှု	☒	
၇	အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	☒	
၈	အာဟာရပညာပေး အစီအစဉ်	☒	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း၌ ကလေးငယ်နှင့်ကိုယ်ဝန်ဆောင်မိခင်များအား အစဉ် အဆက်မပြတ် ကာကွယ်ဆေးများလာရောက်ထိုးပေးနေသောကြောင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။အသက်(၁၈)နှစ်မှ(၆၀)အတွင်း ကျား/မများကို ဘီပိုးကာကွယ်ဆေးထိုးပေးသည့် အစီအစဉ် များချမှတ်ပေးပါက ပိုမိုကောင်းမွန်လာမည်ကို သတိပြုမိပါသည်။ သက်ကြီးရွယ်အိုများ နှင့် ကလေးငယ်များ ကိုယ်ဝန်ဆောင်မိခင်များမှာ ဆေးထိုး/ဆေးတိုက်လုပ်ငန်းများ ရှိကြပါသည်။ အကယ်၍ ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်းများရှိမည်ဆိုပါက ပိုမိုတိုးတက်ကောင်း မွန်မည် ကို တွေ့ရှိရပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင်အထက်☐	ရှိ ☐ မရှိ ☐

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ☐ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☑၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	ရှိ ☑ မရှိ ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် မြို့နယ်ဆေးရုံနှင့်(၁)မိုင်ခန့်သာကွာဝေးပါသည်။သို့သော် လမ်းမကောင်းမှု ၊လူနာတင်ယာဉ်အလွယ်တကူ မရနိုင်ခြင်းကြောင့် အရေးပေါ်လူနာများအတွက် စိုးရိမ်ရသည်ကို လေ့လာတွေ့ရှိရပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု(မိုး၊ဆောင်း၊ နွေ)
ရေတွင်း		ကောင်း☐ သင့်☐ ညံ့☐	
အဝိစိတွင်း/ စက်တပ်		ကောင်း☐ သင့်☐ ညံ့☐	
အဝိစိတွင်း/ တုံကင်	၂၄၈	ကောင်း☑ သင့်☐ ညံ့☐	ရာသီမရွေးလုံလောက်မှုရှိပါသည်။
မိုးရေ သိုလှောင်ကန်		ကောင်း☐ သင့်☐ ညံ့☐	
မြစ်/ချောင်းရေ	၃၁၆	ကောင်း☐ သင့်☑ ညံ့☐	ရာသီမရွေးလုံလောက်မှုရှိပါသည်။
ရေကန်		ကောင်း☐ သင့်☐ ညံ့☐	

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု(မိုး၊ဆောင်း၊ နွေ)
စိမ့်စမ်းရေ		ကောင်း☐ သင့်☐ ညံ့☐	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယ်ဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ဧရာဝတီမြစ်ဘေးဌ တည်ရှိပြီး အိမ်ထောင်စု(၂၄၈)အိမ်မှာ သောက်သုံးရေအဖြစ် အဝီစိ/တုံကင်မှ အသုံးပြုပါသည်။ချိုးရေးနှင့်သုံးရေတို့ကို မြစ်ရေကို အသုံးပြုကြပါသည်။ထို့ကြောင့် ရေရရှိမှု ရေအသုံးပြုမှုမှာ ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၃၁၆
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စု (၃၁၆)အိမ်ရှိပြီးလူဦးရေ(၁၂၄၉)ဦးရှိပြီး ရေလောင်းအိမ်သာများ အသုံးပြုလျက်ရှိပါသည်။ သန့်ရှင်းရေးအခြေအနေကောင်းမွန်ပါသည်။ ကျေးရွာအတွင်း မြစ်ရေဝင်ရောက်သည့် ခဏတာအတွင်း၌သာမသန့်ရှင်းမှုများကိုရင်ဆိုင်ရကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈) ဘေးအန္တရယ်များ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	
၃	ရေကြီးခြင်း	ဧရာဝတီမြစ်ဘေးတွင် တည်ရှိခြင်း
၄	မိုးခေါင်ခြင်း	ရာသီဥတုဖောက်ပြန်ခြင်း
၅	အအေးလွန်ကဲခြင်း	ရေခဲတောင်ပြိုကျခြင်း
၆	မုန်တိုင်း	သဘာဝဘေး
၇	ငလျင်	သဘာဝဘေး
၈	မီးဘေး	သဘာဝဘေး
၉	ဆားငန်ရေဝင်မြေ	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	
၁၁	သစ်တောပြုန်းတီးခြင်း	
၁၂	ဌက်ဖျားရောဂါ	
၁၃	တီဘီရောဂါ	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	
၁၅	ပြည်တွင်း ပဋိပက္ခ	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	
၁၇	လူကုန်ကူးခြင်း	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ဧရာဝတီမြစ်ဘေးတွင် တည်ရှိပြီး ရွာ၏ ပတ်ပတ်လည်တွင် မြစ်နှင့်ဆက်စပ်လျက်ရှိသော ချောင်းမကြီးဝန်းရံနေသဖြင့် အချိန်မရွေး ရေကြီးနိုင်ခြင်း၊မုန်းတိုင်း၊ ငလျင်၊မီးဘေး၊အအေးလွန်ကဲခြင်း၊စသည့် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ရနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	မြင့်	မြေဆီနှင့်မြေသြဇာ အလွန်အကျွံသုံးစွဲခြင်း
အပင်မျိုးစိတ်များ	မြင့်	မြစ်ရေကြီးခြင်း
ရေအရင်းအမြစ်		
ငါးမျိုးကွဲများ	မြင့်	မြစ်ချောင်းအင်းအိုင်နှင့်နီးခြင်း:
အခြားတိရစ္ဆာန်မျိုးကွဲများ		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေဆီမြေဩဇာအနေဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ မြေဆီနှင့် မြေဩဇာ ပိုးသတ်ဆေး အလွန်အကျွံသုံးစွဲမှုကြောင့် မြေဆီလွှာပျက်စီးမှု မြင့်တက်လာနိုင်ပါသည်။အပင်မျိုးစိတ်များ မြစ်ရေ ကြီးခြင်းကြောင့် အန္တရာယ်ရှိမှုမြင့်သည်။

(၁၀ ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ*☐	*မရှိ*☑
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ*☐	*မရှိ*☑

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအုပ်ချုပ်ရေးစနစ်တွင် အမျိုးသမီးပါဝင်မှု (၂)ဦးသာရှိပြီး အမျိုးသမီးများပူးပေါင်းပါဝင်လုပ်ဆောင်မှု အလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွားပါဝင်မှု နည်းပါးခြင်းကြောင့် ကျား/မရေးရာကဏ္ဍ ခွဲခြားမှုများ ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။

စဉ့်ကူးမြို့နယ်၊ ရွှေလှေအုပ်စု၊ ရွှေလှေကျေးရွာ၏ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယား

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေဖြေရှင်းနည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းစဉ်များ
အခြေခံအဆောက်အဦ					
ရွာတွင်းလမ်းမကောင်းခြင်း၊	မြေသားလမ်းဖြစ်ခြင်း အိမ်ခြံမြေမျက်နှာပြင် အောက်နိမ့်ခြင်းကြောင့် ရေဝပ်ခြင်း၊မိုးရာသီတွင် သွားလာရန်ခက်ခဲခြင်း၊ ကျေးရွာချင်းဆက်ရွာများနှင့်အသုံးပြုသူများ ပြားခြင်းကြောင့် ပျက်စီးလွယ်ခြင်း၊	ကျေးလက်ဖွံ့ဖြိုးရေး လမ်းနှင့်တိုက်ရိုက်ဆက်စပ်မှု ရှိနေခြင်း၊ကျေးရွာချင်းဆက်လမ်းနှင့်ဆက်သွယ်မှု ရှိခြင်း၊လူအများ သွားလာနေ၍ စိတ်ဝင်စားမှု ရှိခြင်း၊	သက်ဆိုင်ရာဌာနများမှ ကျေးရွာတွင်းလမ်းများ ကောင်းမွန်အောင်ပြုပြင်ပေးရန် အားနည်းခြင်း၊ ရွာသူ/သားများမှ မိမိတို့၏ငွေကြေးများ စိုက်ထုတ်၍ ပြုပြင်ရန် အခက်အခဲများရှိခြင်း၊	နိုင်ငံတော်မှကျေးရွာတွင်းလမ်းများကောင်းမွန်အောင် ပြုပြင်ပေးမည့်စီမံချက်များ ချမှတ်ခြင်း၊ရွာသူ/သားများမှ တက်ကြွစွာ ပါဝင်ခြင်း၊	ကျေးရွာတွင်း တောင်မြောက်အစအဆုံး ကျောက်ချောလမ်းခင်းခြင်း၊
တံတားဆောက်လုပ်နိုင်ခြင်းမရှိ၍ သွားလာရန် ခက်ခဲခြင်း၊	ကျေးရွာ၏ နယ်နမိတ်သည် မြစ်ရေဝင်သည့် ချောင်းနှင့်ကပ်လျက် တည်ရှိပြီး တံတားမရှိခြင်းကြောင့် တောင်သူများနှင့် အလုပ်သမားများ တောထဲသို့ အလုပ်သွားရာတွင် များစွာအခက်တွေ့ခြင်း၊မိမိတို့၏ လယ်ယာမြေထဲသို့ သွားလာလုပ်ကိုင်လိုလျှင်	ကျေးရွာမှတံတားဆောက်လုပ်လိုပါက ငွေကြေးထည့်ဝင်ခြင်း၊မြေနေရာပေးခြင်း၊လုပ်အားစိုက်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးရန် သဘောတူလက်ခံကြခြင်း၊သက်ဆိုင်ရာမှ တံတားဆောက်လုပ်ရန် မတည်ငွေ ပေးပါက လိုအပ်သည့်ငွေကို ကျေးရွာ	နိုင်ငံတော်မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်လုပ်ငန်းများ၊အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားနည်းမှုများ ရှိနေခြင်း၊ကျေးရွာမှအဖွဲ့အစည်းများသည် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ချိတ်	နိုင်ငံတော်နှင့်သက်ဆိုင်ရာဌာနများပူးပေါင်း၍ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ် လျော့ချနိုင်ရန် တံတားဆောက်လုပ်ပေးခြင်း၊အစီအစဉ် ချမှတ်ခြင်း၊မတည်ငွေ ပေးခြင်းနှင့်ကျေးရွာသူ/သားများ ပူးပေါင်းပါဝင်၍ ဆောက်လုပ်မည့်တံတားဆောက်လုပ်ခြင်းစီမံကိန်း	တံတားဆောက်လုပ်ခြင်း စီမံကိန်းချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

	လူနှင့်တိရစ္ဆာန်ပါ မြစ်ချောင်းထဲမှ ရေကိုကူး၍ သွားလာရခြင်းကြောင့် ရေဘေးနှင့်သေသူများ ရှိခဲ့ခြင်း၊ကျေးရွာရှိ စိုက်ပျိုးမြေအားလုံးသည် ၎င်းချောင်းကို ဖြတ်ကျော်ပြီးမှ သွားလာရခြင်း၊ကျေးရွာတွင် နှစ်ပေါင်းများစွာကပင် လှည်းကူးတံတားမရှိခြင်း၊ဆောက်လုပ်ရန် ငွေကြေးမတတ်နိုင်ခြင်း၊	မှစိုက်ထည့်ပေးရန် အစည်းအဝေးပြုလုပ်ပြီး သဘောတူဆုံးဖြတ်ထားခြင်း၊တံတားဆောက်မည့်မြေနေရာအား မြေပိုင်ရှင်မှ အသုံးပြုခွင့်ပေးမည်ဟု သဘောတူလက်ခံခြင်း၊	ဆက်မှု အားနည်းနေခြင်း၊	အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊	
စိုက်ပျိုးရေး					
စနစ်တကျစိုက်ပျိုးနိုင်ရန် နည်းပညာနှင့်မြေဩဇာဈေးနှုန်းသက်သာစွာရရှိနိုင်ရေး တွေ့ကြုံရခြင်း၊	ရေရရှိမှု အသင့်အတင့်ရှိသော်လည်း မလိုအပ်သော အချိန်တွင် ပိုးသတ်ဆေးဖျန်းခြင်း၊ကောင်းမွန်သောမြေဆီမြေဩဇာကို အသုံးမပြုနိုင်ခြင်း၊နည်းစနစ်မကျခြင်း၊မြေဆီမြေဩဇာအဖိုးတန်ခြင်း၊လိုအပ်သည့်အချိန်တွင် အလွယ်တကူ ဝယ်၍ မရခြင်း၊	မြေဆီလွှာအသင့်အတင့်ကောင်းမွန်ခြင်း၊ရေရရှိ မှုလွယ်ကူခြင်း၊မြို့နယ်စိုက်ပျိုးရေးဌာနနှင့်ချိတ်ဆက်ရန် လွယ်ကူခြင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းပညာ အကူအညီများ ဖြန့်ဝေမည်ဆိုပါကလိုက်နာရန် အသင့်ဖြစ်နေခြင်း၊ကောင်းမွန်ပြီး ဈေးနှုန်းချိုသာစွာရောင်းချမည့်မြေဩဇာများကို ဝယ်ယူရန် အသင့်ဖြစ်နေခြင်း၊	စိုက်ပျိုးရေးဌာနမှစိုက်ပျိုးရေးနည်းစနစ်များ ဖြန့်ဝေခြင်း၊ကွင်းဆင်းဆောင်ရွက်ခြင်းများအားနည်းသည်၊အရည်အသွေးကောင်းပြီး ဈေးနှုန်းချိုသာသော မြေဩဇာကုမ္ပဏီများနှင့်တောင်သူများအကြား ချိတ်ဆက်ပေးမှု မရှိခြင်း၊	စိုက်ပျိုးရေးဌာနမှစိုက်ပျိုးရေးနည်းစနစ်များ ဖြန့်ဝေခြင်း၊ကွင်းဆင်းဆောင်ရွက်ခြင်း၊အရည်အသွေးကောင်းပြီး ဈေးနှုန်းချိုသာသော မြေဩဇာကုမ္ပဏီများနှင့်တောင်သူများအကြား ချိတ်ဆက်ပေးခြင်း၊	မြေဩဇာလုံလုံလောက်လောက်ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရေး စီမံချက်နှင့်စနစ်တကျ စိုက်ပျိုးနည်းစီမံကိန်း

ပညာရေး					
KG ကျောင်းဆောက်လုပ်နိုင်ရန် ရန်ပုံငွေမရှိခြင်း၊	KG ကျောင်းသားတိုးပွားလာခြင်းကြောင့် သင်ထောက်ကူပစ္စည်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့်သင်ကြား၍မရခြင်း၊	ကျေးရွာပိုင်မူလတန်းကျောင်းဝင်းအတွင်း KG ကျောင်းဆောင်ဆောက်လုပ်မည်ဆိုပါက မြေနေရာ ကျယ်ကျယ်ပြန့်ပြန့်ရှိနေခြင်း၊ ကျောင်းဆရာ/ဆရာမအင်အားလုံလုံလောက်လောက်ရှိခြင်း၊	ကျေးရွာကျောင်းကော်မတီအဖွဲ့နှင့်ကျေးရွာသူ/သားများပူးပေါင်းလုပ်ဆောင်မှု အားနည်းနေခြင်း၊	နိုင်ငံတော်နှင့်ပညာရေးဌာနတို့မှ KG ကျောင်းဆောင်ဆောက်လုပ်ပေးခြင်း(သို့) ရန်ပုံငွေမတည်ပေးခြင်းနှင့် ရပ်ရွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊	KG ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရန်စီမံကိန်း ချမှတ်ခြင်း၊
ကျန်းမာရေး					
လူနာတင်ယာဉ်ပျက်စီးနေခြင်းနှင့် ဝယ်ယူရန် ငွေကြေးအခက်အခဲကြုံတွေ့ရခြင်း၊	အသက်(၅)နှစ်အောက်ကလေးငယ်နှင့်(၇၀)အထက်အဘိုးအဘွားများရှိနေခြင်းကြောင့်ထိခိုက်ခံရမှုလွယ်ကူခြင်း၊စိုက်ပျိုးမြေများအတွင်းအဆိပ်ပြင်းသည့်မြွေပွေးအန္တရာယ်ခံရနိုင်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များသားဖွားချိန်တွင် မြို့နယ်ဆေးရုံးနှင့်အလှမ်းဝေးသောကြောင့် စိုးရိမ်ရခြင်း၊အလှူရှင်များ၊ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှု အားနည်းခြင်း၊	မော်တော်ယာဉ်ထားရှိရန်အဆောက်အဦရှိနေခြင်း၊ ဦးဆောင်မည့်အဖွဲ့အစည်းရှိနေခြင်း၊မြို့နယ်ဆေးရုံသို့ ယာဉ်တိုက်ရိုက်သွားလာနိုင်ရန် ဖွံ့ဖြိုးရေးလမ်းရှိနေခြင်း၊ ရွာသူ/သားများစိတ်အားထက်သန်မှု ရှိနေခြင်း၊	အလှူရှင်များကို ချိတ်ဆက်ဆောင်ရွက်နိုင်မှု အားနည်းခြင်း၊ကျေးရွာသူ/သားများမှ ငွေကြေးထည့်ဝင်နိုင်မှု နည်းပါးခြင်း၊လက်ရှိ ယာဉ်မှာလိုင်စင်မဲ့ဖြစ်ခြင်းနှင့် ဟောင်းနွမ်းပျက်စီးနေခြင်း၊	အလှူရှင်များမှလည်းကောင်း၊အဖွဲ့အစည်းတစ်ခုခုမှလည်းကောင်း သက်ဆိုင်ရာ အာဏာပိုင်များမှ ၎င်းလူနာတင်ယာဉ် လှူဒါန်းပေးခြင်း	လူနာတင်ယာဉ် ရလိုမှုစီမံကိန်း

ကျန်းမာရေးအ ဆောက်အဦ ဆောက်လုပ်နိုင်ရန် ငွေကြေးအခက်အခဲ ရှိနေခြင်း	ကျေးရွာသူ/သားများ စီးပွားရေးအဆင်မပြေမှု ၊လက်လုပ်၊လက်စား၊ကျ ပန်း အလုပ်သမားများ နေခြင်းကြောင့်ငွေကြေး ထည့်ဝင်နိုင်းခြင်းမရှိကြ ပါ၊ရွာတွင်း နေထိုင်မှု လူဦးရေများပြားနေခြင်း၊ ပတ်ဝန်းကျင်ကြောင့် ထိခိုက်လွယ်မှု၊သဘာဝ ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရမှု လွယ်ကူ နေခြင်း၊	ကျေးရွာအတွင်း၌ အသက်(၇၅)နှစ်နှင့် အထက် အဘိုးအဘွား များအား (အခမဲ့) ကျန်းမာရေးစောင့် ရှောက်မှု အဖွဲ့ရှိနေခြင်း ကြောင့် လူအများစိတ် အားထက်သန်မှု ရှိနေကြ ပါသည်။ကျန်းမာရေး ဌာနနှင့်ချိတ်ဆက်ဆောင် ရွက်သွားရန် ရည်ရွယ် ချက်များ ရှိနေခြင်း၊	ရှေ့ဆောင်လမ်းပြမည့် အဖွဲ့အစည်းရှိသော် လည်း ငွေကြေးဖူလုံမှု မရှိခြင်း၊ကျေးရွာ၌ ကျန်းမာရေး ဝန်ထမ်းရှိ သော်လည်း အဆောက် အဦနေရာပေးနိုင်ခြင်း မရှိ၍ ၎င်းကိုယ်တိုင်ငှား ရမ်း နေထိုင်ရခြင်း၊၎င်း ကိုယ်တိုင်(အခမဲ့) ကျန်းမာရေးစောင့် ရှောက်မှု အဖွဲ့တွင် တာ ဝန်ယူဆောင်ရွက်နေရ ခြင်းများ ကြုံတွေ့နေရ သည်။	အစိုးရမှ ကျန်းမာရေးဆေး ပေးခန်းဆောက်လုပ်ခြင်း၊ NGO အဖွဲ့အစည်းတစ်ခုခု မှဆေးပေးခန်း လှုဒါန်းပေး ခြင်း၊ကျန်းမာရေးဦးစီးဌာန မှ နိုင်ငံတော်အဆင့် သိရှိ အောင် တင်ပြဆွေးနွေးပေး ခြင်း၊	ကျန်းမာရေးအဆောက် အဦ ဆောက်လုပ်နိုင်ရန် အတွက် ဆေးပေးခန်း ဆောက်လုပ်ခြင်းစီမံ ကိန်း

သဘာဝဘေးအန္တရာယ်လျော့ချရေး					
မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန် အတွက် မီးသတ်ကားထားရှိရန် ငွေကြေးမပြည့်စုံခြင်း	ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောရွာဖြစ်၍ လောင်စာပေါများခြင်း၊ယခင်ကထင်းနှင့် ချက်ပြုတ်သော မီးဘေးတစ်ခုသာ စိုးရိမ်ရပြီး ယခု အချိန်တွင် လျှပ်စစ်မီးဘေးအန္တရာယ်ပါ အချိန်မရွေး ကျရောက်လာနိုင်ခြင်း၊မီးကင်းစောင့်သည့် အလေ့အထမရှိခြင်း၊ မီးကင်းလှည့်၍ စစ်ဆေးသည့် အလေ့အထများ မလုပ်ဆောင်တော့ခြင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှရဲဘော်များသာအကျိုးခံစားခွင့်ပေးပြီး ကျေးရွာမှ အရံမီးသတ်တပ်ဖွဲ့ဝင်များအား လစ်လျူရှုထားခြင်း၊	ကျေးရွာအတွင်း၌ ယခင်က စေတနာ့ဝန်ထမ်းအရံမီးသတ်တပ်ဖွဲ့ရှိနေ၍ တက်ကြွစွာ လုပ်ဆောင်နေခြင်း၊ကားမောင်းကျွမ်းကျင်သော လူငယ်များရှိနေခြင်း၊မီးငြိမ်းသတ်ရန် ရေအလွယ်တကူ ရယူရန် ဧရာဝတီမြစ်နှင့်နီးစပ်နေခြင်း၊ မီးသတ်ကားထားရှိရန် နေရာများရှိခြင်း၊မြို့နယ်၌မီးသတ်ကားများ ပိုလျံနေခြင်း၊မြို့နှင့်ကားသွားရန် လွယ်ကူနေခြင်း၊	ကျေးရွာမှကိုယ်ပိုင်ဝယ်ယူရန် ငွေကြေးထည့်ဝင်ရန် အခက်အခဲများရှိနေခြင်း၊မြို့နယ်မီးသတ်ဌာနမှ ညွှန်ကြားချက်များသာပေးပြီး ကွင်းဆင်းပညာပေးလုပ်ငန်းများ လုပ်ဆောင်မှု မရှိခြင်း၊ နိုင်ငံတော်မှ မြို့ပေါ်ဌာနမှ ဝန်ထမ်းများကိုသာ အကျိုးခံစားခွင့်နှင့်လုပ်ပိုင်ခွင့်များ ပေးထားပြီး ကျေးရွာစေတနာ့ဝန်ထမ်း အရံမီးသတ်တပ်ဖွဲ့ဝင်များအား လစ်လျူရှုထားခြင်း၊ယခင်ကတစ်နိုင်ငံလုံး စေတနာ့ဝန်ထမ်းဖြစ်၍ ယခုအချိန်မှ လစ်လျူရှုခံရခြင်းကြောင့် စိတ်ဓါတ်တက်ကြွမှု ကျဆင်းလာခြင်း၊	နိုင်ငံတော်မှမီးသတ်ကားများကို ကျေးရွာများအထိ ချပေးနိုင်ရန် စီမံကိန်းရေးဆွဲခြင်း၊မြို့နယ်သက်ဆိုင်ရာဌာနမှ မလိုအပ်သည့် ကားများကို လိုအပ်နေသော ကျေးရွာများသို့ ခွဲဝေသုံးစွဲသွားရန်၊	မီးဘေးအန္တရာယ်အလွယ်တကူကာကွယ်နိုင်ရန် မီးသတ်ကားထားရှိနိုင်မှု စီမံကိန်း